# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ဒသမနေ့ အစီအစဉ်

# [ ၁၂–၆–၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန့်ဇင်၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်ရှိ မီတာ(၄၀၀)အားကစားကွင်းအား အဆင့်မြင့် ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးတင်ထွေး၊ အုတ်ဖို မဲဆန္ဒနယ်၏ **အုတ်ဖို–တက်ဆွဲ မြို့နယ်ချင်းဆက် လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု၊ ကောင်ဝိန်းရေထွက်နှင့် ထီတခေါ့ရေထွက် တို့ကို ပြုပြင်မွမ်းမံခြင်းနှင့် ကောင်ဝိန်းရေထွက်မှ အနောက် ပူယာစန်း ကျေးရွာသို့ စိမ့်စမ်းရေသွယ်ယူပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ခင်သန်းမြင့်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်အတွင်းရှိ ကမ္ဘာ့ဘဏ် တာကျွန်း(၁)(၂)၊ အထက်ပြွန်၊ သစ်ပုတ္တိတ်နှင့် မန်ကျည်းပင်ရေင်တားတာရှိ ရေလွှဲတံခါး (၂)ခုတို့အား ယခု ပွင့်လင်းရာသီတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာစသည့် ဓာတ်သတ္တုများအား အသေးစား ထုတ်လုပ်ခွင့်ပြုမိန့် လျှောက်ထားရာတွင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်(ကိုယ်စား) ဦးကြည်မြင့်၊ မှော်ဘီ မဲဆန္ဒနယ်၏ **ထန်းတပင်မြို့နယ်အတွင်းရှိ မြစ်ကူး၊ ချောင်းကူး ကျေးရွာများသည် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်နေသဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ခွင့်ပြု ပေးနိုင်ပါရန်နှင့် ယိုယွင်းပျက်စီးနေသော ကျေးလက် ကျန်းမာရေး ဌာနခွဲများအား မည်သည့်အချိန်တွင် အဆင့်မြှင့်တင်ဆောင်ရွက် ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့(၂၅)ခုတင်ဆံ့ ဆေးရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိရှိလိုသည်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့သော **" အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော **“ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေး ဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။